**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**ဝန်ကြီးရုံး (ရုံးအမှတ်-၁၉)**

**ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း**

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး (ရုံးအမှတ်-၁၉)တွင် လစ်လပ်လျက်ရှိသော(လစာနှုန်း၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)နှင့်(လစာနှုန်း၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) အောက်ဖော်ပြပါ အမှုထမ်းရာထူး(၃)နေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း ဖြစ်ပါသည်-

| **စဉ်** | **ရာထူး** | **ရာထူးနေရာ** | **အနိမ့်ဆုံးပညာအရည်အချင်း** |
|---|---|---|---|
| (က) | အငယ်တန်းစာရေး | ၁ | အခြေခံပညာအထက်တန်းအောင်ရမည်။ |
| (ခ) | ရုံးအကူ | ၁ | အခြေခံပညာအလယ်တန်းအောင်ရမည်။ |
| (ဂ) | သန့်ရှင်းရေး | ၁ | မြန်မာစာကို ကောင်းစွာရေးဖတ်တတ်ရမည်။ |

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူများသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၂၀၂၄ ခုနှစ်၊ဇန်နဝါရီလ (၃၁) ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက် (၂၆)နှစ် မကျော်လွန်သူဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ် မကျော်လွန်သူ ဖြစ်ပြီး လက်ရှိဌာန၏ ခွင့်ပြုချက် မူရင်းပါရှိရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဃ) ဌာနအတွင်း အနည်းဆုံး လုပ်သက်တစ်ဆက်တည်း(၃)နှစ် တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်။

(င) ရွေးချယ်ခြင်းခံရပါက နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။

(စ) အခြားဝန်ထမ်းအဖွဲ့အစည်းများမှ လျှောက်ထားသူများသည် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။

(ဆ) အစိုးရဌာနတစ်ခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှထုတ်ပယ်ခြင်း (Removal) ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာတွင် အောက်ဖော်ပြပါအချက်များကို ပြည့်စုံစွာဖော်ပြရမည်-

(က) အမည်၊

(ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊

(ဂ) မွေးသက္ကရာဇ်၊ အသက်၊

(ဃ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ၊

(င) ပညာအရည်အချင်း၊အောင်မြင်သည့်ခုနှစ်နှင့် အောင်မြင်သည့်ကျောင်း၊ တက္ကသိုလ်၊

(စ) လျှောက်ထားလိုသည့်ရာထူး၊

(ဆ) မိဘအမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့် ၎င်းတို့၏အလုပ်အကိုင်၊

(ဇ) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်နှင့်ဌာန၊

(ဈ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်၊

(ည) ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ၊

(ဋ) အမြဲတမ်းနေရာလိပ်စာ အပြည့်အစုံကို ဖော်ပြရမည်။

၄။ လျှောက်လွှာပုံစံနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-

(က) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ဂ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ရယူထားသည့် စာရိတ္တကောင်းမွန်ကြောင်း နှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်မူရင်း၊

(ဃ) သက်ဆိုင်ရာရဲစခန်းမှ (၁)လအတွင်းရယူထားသည့်ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက် မူရင်း၊

(င) အလုပ်သမားမှတ်ပုံတင်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(စ) (၁)လအတွင်း ရိုက်ကူးထားသည့် ပတ်စ်ပို့အရွယ် ကာလာဓာတ်ပုံ(၃)ပုံ (ဓာတ်ပုံနောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားရန်)

(ဆ) အခြားကျွမ်းကျင်မှုနှင့် လုပ်ငန်းအတွေ့အကြုံရှိပါက ခိုင်လုံသော အထောက်အထားမိတ္တူများ၊

(ဇ) သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ (၁)လအတွင်း ရယူထားသော ကျန်းမာကြောင်းဆေးထောက်ခံချက်မူရင်း၊

(ဈ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်

ရေးထိုးရန်)။

၅။ လျှောက်ထားလိုသူသည် လျှောက်လွှာပုံစံနှင့်အတူ ဝန်ကြီးရုံး(ရုံးအမှတ်-၁၉)တွင်(၇-၂-၂၀၂၄) ရက်နေ့ ရုံးချိန်အရောက် နောက်ဆုံးထား ပေးပို့လျှောက်ထားရပါမည်။

၆။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှောက်လွှာပုံစံ (၁)စုံအား ဝန်ကြီးရုံး(ရုံးအမှတ်-၁၉)သို့ပေးပို့လျှောက်ထား ရမည်။

၇။ ဖြေဆိုခွင့်ရရှိသူအမည်စာရင်းနှင့် ခုံအမှတ်တို့ကို ကြော်ငြာသင်ပုန်းတွင် ကြေညာပေးထားမည် ဖြစ်သည်။

၈။ လျှောက်ထားသူသည် မြန်မာစာနှင့် အထွေထွေဗဟုသုတဘာသာရပ်မေးခွန်းတို့အား (၁၀-၂-၂၀၂၄)ရက်နေ့တွင် စစ်ဆေးခံရမည်ဖြစ်ပြီး အောင်မြင်သူကိုသာ(၁၁-၂-၂၀၂၄)ရက်နေ့တွင် လူတွေ့နှုတ်ဖြေ စစ်ဆေးမည်ဖြစ်သည်။

၉။ ဖြေဆိုခွင့်ကတ်ပြားများကို (၉-၂-၂၀၂၄) ရက်နေ့တွင် ထုတ်ယူရမည် ဖြစ်ပါသည်။

၁၀။ သတ်မှတ်ရက်ထက် နောက်ကျမှရောက်လာသောလျှောက်လွှာများအား ပယ်ဖျက်မည် ဖြစ်ပါသည်။

၁၁။ ရေးဖြေစာမေးပွဲဖြေဆိုရာတွင် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မူရင်း ပါရှိရမည် ဖြစ်ပါသည်။ မပါရှိပါက စာမေးပွဲဖြေဆိုခွင့် ရမည်မဟုတ်ပါ။

၁၂။ အသေးစိတ်သိလိုပါက တယ်လီဖုန်းအမှတ်၊ ၀၆၇-၄၀၉၃၈၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

ဝန်ကြီးရုံး

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊(ရုံးအမှတ်-၁၉)